# ကကြိုးအိမ်

## မရဲ့လူဆိုးလေး



# အပိုင်း(၁)

"ဝူး … ရေး … cheer …"

ပြိုင်ကားသုံးစီးကို တစ်ပြိုင်တည်း မီးထိုးထားကာ ကားBodyကိုမှီပြီး Beerကိုသောက်နေတဲ့ လူငယ်သုံးယောက်။

"အာဏာ မင်းမိုက်တယ်ကွာ …"

"မိုက်ရမှာ ပေါ့ အာဏာမော်ကွန်းပဲလေ ဟုတ်တယ်မလား သိုက်"

"ဟုတ်ပါ့ကွာ မင်းရဲ့ အောင်မြင်မှု အတွက် cheer"

သူ့နာမည်က အာဏာမော်ကွန်း။ မြန်မာနိုင်ငံရဲ့ အချမ်းသာဆုံး စာရင်းဝင် Sun group ရဲ့ သူဌေးကြီး ဦးကေသရာဇာနဲ့ ဒေါ်နွယ်ပန်းအိမ်တို့ရဲ့ အမွှာနှစ်ယောက် အနက် သားငယ်။ အမွှာတွေဖြစ်ပေမဲ့ အစ်ကိုတော်ဝင်မော်ကွန်းက စာတော်ကာ ဆေးတက္ကသိုလ် ဒုတိယနှစ်။ သူကတော့ ဒီနှစ်မှ မအောင်ရင် တော့ဆယ်တန်း သုံးခါကျ။ Fire အဖွဲ့ရဲ့ ခေါင်းဆောင်ခုလည်း သူတို့ အဖွဲ့ကို လာစိန်ခေါ်တဲ့ Lightအဖွဲ့နဲ့ ကားပြိုင်မောင်းကာ ဟိုဘက်ကအဖွဲ့တွေ ရှုံးသွားတော့ နိုင်ကြေးအဖြစ် သူတို့ကားမှန် တွေကိုသုံးယောက်သား ရိုက်ခွဲခဲ့ကြသည် ။

"ဒါနဲ့ မင်း Fatherကြီး သိရင် ဘယ်လိုလုပ်မလဲ အာဏာ"

Beer ဘူးကို မော့သောက်ရင်း ပြောလာသူက စစ်ရောင်သိုက်။ သိုက်

က ပညာရေးဝန်ကြီးချုပ်ရဲ့ တစ်ဦးတည်းသောသား။ သူကလည်း အာဏာ့လိုပဲ ဒီနှစ်မှ မအောင်ရင် ဆယ်တန်း သုံးခါကျ။ သိုက်နဲ့ သူ့အဖေက ကမ္ဘာ့ရန်ဖက်တွေ။ စဉ်းစားကြည့်လေ ဖအေက ပညာရေးဝန်ကြီး သားက ဆယ်တန်းသုံးခါကျ လားလားမှ မအပ်စပ်။ အာဏာ လက်ထဲက ကုန်သွားပြီဖြစ်သော Beerဘူးကို မြေပြင်ပေါ် ပစ်ချကာ ခြေထောက်နဲ့ ကန်ထုတ် ပစ်လိုက်သည် ။

"မာမီ တစ်ယောက်လုံး ရှိတာပဲကွာ စိတ်ပူစရာ မရှိပါဘူး ဒယ်ဒီကလည်း ငါ့ကိုချစ်ပါတယ်"

"မင်း ပိုင်ရင် ပြီးတာပဲလေ ငါတို့ က ပြဿနာမရှိဘူး ဟုတ်တယ်မလား သိုက်"

စကားဝိုင်းထဲကို နောက်ဆုံးမှ ဝင်ရောက်လာသူက သွေးမဟာ။

သွေး က ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းပိုင်ရှင် ဦးမြတ်မဟာရဲ့ တစ်ဦးတည်းသောသား။ ငယ်ငယ်တည်းက မိခင်ဖြစ်သူက ဆုံးပါးသွားကာ ဖခင်ကလည်း အလုပ်ကိုပဲ အာရုံစိုက်နေတာကြောင့် မေတ္တာတရား ငတ်မွတ်ကာ ဖခင်ကို အရွဲ့တိုက်နေသော လူဆိုးလေး။ သွေး က သန်မာချောင်ယောင်ဆောင်ကာ လူဆိုးလေး လုပ်နေပေမဲ့ တကယ်ကတော့ သူက မေတ္တာတရားကို တောင့်တနေတာ။ သူတို့ တွေမှာ ဖြစ်သမျှ ပြဿနာတိုင်းကို ငွေနဲ့ လိုက်ဖြေရှင်းနိုင်သော မိဘတွေ ရှိကြသည် ။ ဒါ့ကြောင့် လည်း လူဆိုးလေးတွေ ဖြစ်နေကြခြင်း ဖြစ်သည် ။

"အေးပါကွာ  ငါ ပြန်တော့မယ် သားကြီးတို့ "

"အေးအေး မနက်ကျ ဆုံနေကျဆိုင်မှာ စောင့်နေမယ်"

"Ok သားကြီးတို့ ငါသွားပြီ"

အာဏာ ပြောပြောဆိုဆို သူ့ပြိုင်ကား အနီလေးကို မောင်းကာ ထွက်လာခဲ့သည် ။ ဟိုနှစ်ယောက်ကတော့ သူတို့ မိဘတွေနဲ့ အဆင်မပြေလို့ ဆိုးနေကြတာ။ သူဆိုတဲ့ အာဏာမော်ကွန်းကတော့ အကုန် အဆင်ပြေသည် ဆိုးချင်လို့ ဆိုးနေတာ။

"တီ ... တီ ... တီ ..."

မနက်ခင်း အလင်းရောင်က ခေါင်းရင်း ပြတင်းပေါက်မှ ခန်းဆီး ကန့်လန့်ကာစကို ဖြတ်ကာ ဖြူနုနု သူမမျက်နှာပေါ်သို့ ထိုးကျလာသည် ။

ခုတင်ဘေးနားက ခုံပုလေးပေါ်က Alarmပေးထားတဲ့ နာရီကိုပိတ်ကာ ဆံထိုးအိပ်ရာက ထလိုက်သည် ။ သူမကတော့ Sun group မှာ အတွင်းရေးမှူးအဖြစ် အလုပ်လုပ်နေတဲ့ အတွင်းရေးမှူးမလေး ငွေရောင်ဆံထိုး ဖြစ်သည် ။

"ဟူး ခုမှ ပဲ လန်းဆန်းသွားတော့တယ်"

ကိုယ်လက်လေ့ကျင့်ခန်း လုပ်ကာ မျက်နှာသစ်သွားတိုက်ပြီး နေ့လယ်စာ ထမင်းထုပ်အတွက် စီစဉ်စရာ ရှိတာစီစဉ်ရန် ဆံထိုး မီးဖိုခန်းထဲကို ဝင်လာခဲ့သည် ။ ဆံထိုးရဲ့ တစ်ထပ်တိုက် အပုလေးမှာ က အိပ်ခန်း တစ်ခန်းရယ်၊ အိမ်သာနဲ့ တွဲလျက် ရေချိုးခန်းလေးရယ်၊ မီးဖိုခန်းနဲ့ ဧည့်ခန်းလေး တစ်ခုပါသည် ။ ဒါ့အပြင် ထပ်ခိုးခန်းလေး တစ်ခန်းပါ,ပါသေးသည် ။ ဆံထိုးကတော့ ထပ်ခိုးခန်းလေးကို အားလပ်ချိန် စာဖတ်ခန်းလေးအဖြစ် အသုံးပြုသည် ။

"အင်း ဒီနေ့တော့ ရှိတဲ့ အသီးအရွက်လေးနဲ့ ငါးလေးပဲ ချက်သွားပါ့မယ်လေ"

ဆံထိုး ရေခဲသေတ္တာကို ဖွင့်ကာ အထဲက အသီးအရွက်တွေကို ဆေး

ပြီးကြော်ရန် ပြင်လိုက်သည် ။ ပြီးရင် ငါးဆီပြန်ဟင်းလေး တစ်ခွက်လည်း ချက်ရန် ပြင်လိုက်သည် ။ အသီးအရွက်နဲ့ အသားငါးတွေကိုတော့ သူမပိတ်ရက် တနင်္ဂနွေနေ့မှာ တစ်ပတ်လုံးစာ အတွက် ဝယ်ထားခြင်းဖြစ်သည် ။

"အင်း ထမင်းချိုင့်ကတော့ ထည့်ပြီးပြီ အဝတ်စားလဲ ပြင်ဆင်မှ ပဲ အချိန်နီးနေပြီ"

ဆံထိုး နံနက်စာအတွက် coffee တစ်ခွက်ကို ပေါင်မုန့်မီးကင် တစ်ချပ်နဲ့ မြှော့ချလိုက်သည် ။ နာရီကြည့်လိုက်တော့ ကုမ္ပဏီသွားရန် အချိန်က နီးနေပြီမို့ အဝတ်စားလဲလိုက်သည် ။ လည်ပင်းနားမှာ လှိုင်းသဏ္ဍာန်ဇာ အတွန့်လေးတွေ ပါသော မိုးပြာရောင် အင်္ကျီလေးကို နို့နစ်ရောင်စကတ် အကျပ်လေးနဲ့ တွဲဝတ်လိုက်သည် ။ နှင်းဆီဖူးရောင် နှုတ်ခမ်းလေးနဲ့ သွေးရောင်လွှမ်းနေသော ပါးမို့မို့ရဲရဲလေးက ကလေးလေးလို ချစ်စဖွယ် အတိ။ သူမရဲ့ ခါးသိမ်သိမ်လေးထက်မှာ ပြန့်ကျဲနေတဲ့ မဟော်ဂနီရောင် လှိုင်းတွန့်သဏ္ဍာန် ဆံနွယ်ရှည်တွေကို ခပ်မြင့်မြင့်လေး စည်းလိုက်သည် ။ ဖိနပ်စင်ပေါ်တွင် တင်ထားသော အပြာရောင် high heel လေးကို စီးလိုက်ပြီး အိမ်ကိုသော့ခတ်ကာ ကားမောင်းပြီး ထွက်လာခဲ့သည် "

အာဏာမော်ကွန်း

"မနက်ရောက်တော့ ဟိုကောင်တွေနဲ့ ချိန်းထားတဲ့ ဆိုင်ကို သွားရန် ကားသော့ကိုဆွဲ လေ,လေးတချွန်ချွန်နဲ့ ထွက်လာသော သူ့ကိုနာမည် အပြည့်အစုံ အော်ခေါ်လိုက်သောကြောင့် ကြည့်လိုက်တော့ ချစ်ရတဲ့ ဒယ်ဒီကြီး။ ကြည့်ရတာသူ့ကို ဆူဖို့ ကုမ္ပဏီကို မသွားသေးဟန် တူသည် ။ သူ့ဘက်က ကာကွယ်ပေးမဲ့ မာမီက ဘုရားရှိခိုးနေလေသည် ။ သူတို့ သား

အဖကတော့ အောက်ထပ်မှာ စကား စစ်ပွဲဖြစ်ရတော့မည်။

"အာဏာမော်ကွန်း မင်း တစ်နေ့တစ်နေ့ ဒါပဲလုပ်နေတော့မှာ လား စာကျက်ဖို့ စိတ်ကူးထဲ ရှိရဲ့ လား"

"ဒယ်ဒီကလည်း ဗျာ သား ဆိုပြောဖို့ ပဲ"

"မပြောရအောင် မင်းလုပ်နေတာတွေက မှန်ရဲ့ လား ဆယ်တန်းနှစ်ခါကျ ဒီနှစ်မှ မအောင်ရင် သုံးခါကျမင်း မရှက်ဘူးလား"

အာဏာ ဒယ်ဒီပြောသမျှကို တစ်ခွန်းမကျန် ပြန်ချေပကာ ဒယ်ဒီ့ဆီက မုန့်ဖိုးတောင်းပြီး ထွက်လာခဲ့လေသည် ။ ကျန်ခဲ့သော ဦးကေသရာဇာကတော့ သွေးတောင်တက်ချင် လာပြီဖြစ်သည် ။ ဒီသားလေးကို အငယ်လေးမို့ အလိုလိုက်ခဲ့သမျှ ခုတော့ ပြောမရဆိုမရလေး ဖြစ်နေပြီ။ သူ့သားကို နိုင်တဲ့ လူ ပေါ်လာပါစေလို့ ဆုတောင်းရုံကလွဲ သူဘာမှ မတတ်နိုင်ချေ။

"ပြောတော့ ငါတို့ ကတောင် ကြိုရောက်နေမှာ လေ ဘာလေနဲ့ တကယ်ပဲ ဟူး ...

"အာဏာ သူရောက်တာတောင် ရောက်မလာသေးသော သူငယ်ချင်းနှစ်ယောက်ကို အတော်လေးစိတ်တို လာပြီဖြစ်သည် ။ သူ့ဘဝမှာ စောင့်ရတဲ့ အလုပ်ကို အမုန်းဆုံးဖြစ်သည် ။

ပြောလိုက်ရင်တော့ ကြိုရောက်နေစေရမယ် ဆိုတာ လက်သုံးစကား ။ မြည်လာသော ဖုန်းကြောင့် အာဏာ ကောက်ကိုင်လိုက်တော့ အသက်ရှည်ဦးမယ်  သူငယ်ချင်းဖြစ်သူ စစ်ရောင်သိုက်စီကပင်။

"သိုက် ဟေ့ကောင်တွေ ငါရောက်နေတာကြာပြီ မင်းတို့ က ဘာလုပ်နေတာလဲ  ခုထိ မရောက်နိုင်သေးဘူး"

"စွတ်ပြောမနေနဲ့ ကွ ငါပြောတာလည်း နားထောင်ပေးဦး ဒီလိုမနေ့ ညက မင်းနဲ့ လမ်းခွဲပြီး ငါတို့ ပြန်တော့ လမ်းမှာ ဟိုကောင်တွေနဲ့ ထပ် ဆုံတယ် သူတို့ က သူတို့ ရှုံးတာကို လက်မခံချင်ဘူးတဲ့ ထပ်ပြိုင်ကျမယ် တဲ့ "

"ဘာ ... သူတို့ က အဲ့လိုလား ရတယ်လေ အာဏာမော်ကွန်း တို့ က လည်း ဒါမျိုးမှ ကြိုက်တာ ခုပြိုင်မယ်လို့ ပြောလိုက် ဒါပဲငါလာခဲ့မယ် မင်းတို့ စောင့်နေ"

အာဏာဖုန်းချကာ ကျသမျှပိုက်ဆံကို ရှင်းပြီး ဆိုင်ပြင်ကို ထွက်လာ ခဲ့သည် ။ သူ ဆိုင်အပြင်သို့ အထွက် လူတစ်ယောက်နဲ့ တိုက်မိသွားသည် ။

"တောင်းပန်ပါတယ်ဗျာ မမြင်လိုက်လို့ ပါ"

အာဏာ သူ့ ဘက်ကမှားတာ မဟုတ်ပေမဲ့ တောင်းပန်လိုက်သည် ။ သူက လွတ်လွတ်လပ်လပ် နေတတ်တဲ့ ခေတ်လူငယ် တစ်ယောက်ပေမဲ့ မရိုင်းစိုင်းတတ်ချေ။

"မင်း မျက်လုံး မပါဘူးလား လူတစ်ယောက်လုံး လာတာတောင် မ မြင်ဘူးလား"

"ဒီ မှာ ခင်ဗျား ဝင်တိုက်တာနော် ကျွန်တော် ဝင်တိုက်တာ မဟုတ် ဘူး သည်းခံတိုင်း လွန်မလာနဲ့

"ဟိုကောင်တွေနဲ့ ချိန်းထားတာ နောက်ကျရတဲ့ အထဲ ဒီလူက သက် သက်ပြဿနာ လာရှာနေတာ သူ့ရဲ့ သည်းခံစိတ်တို့ က ကုန်ဆုံးသွားချေ ပြီ။

"မင်းကလည်း ဝင်တိုက်သေး မင်းကပဲအော်ရတယ် ရှိသေး"

"တောက် ခင်ဗျား ..."

ဆံထိုးတစ်ယောက် ဆိုင်အပြင်ထွက်မလို့ ပြင်တုန်း အပေါက်ဝမှာ ရန်ဖြစ်နေသူ နှစ်ယောက်ကြောင့် သူမမှာ အပြင်ထွက်မရချေ။ သူမ ကားမောင်းနေတုန်း နံနက်စာ မစားရသေးဘူး ဆိုသော သူငယ်ချင်းဖြစ်သူ ဝတ်လွှာဖြူအတွက် သူမနံနက်စာ စားရန် ဝင်ဝယ်ပေးခြင်း ဖြစ်သည် ။ ဆံထိုး နာရီကို တစ်ချက်ကြည့်ပြီး ဘယ်လို အပြင်ထွက်ရမလဲ ကြည့်ရပ်နေရင်းပင် ဆံပင်ကို စိမ်းပြာရောင်ဆိုးထားကာ နားမှာ လည်း နားကပ်တွဲလောင်းနဲ့ ကောင်လေးကို ဟိုဖက်ကလူက လက်နဲ့ ဆောင့်တွန်းလိုက်တာ ဖင်ထိုင် လဲကျသွားသည် ။ ကောင်လေးကြည့်ရတာ အလွန်ဆုံးရှိလှ 18 19 လောက်ပင်။ ဖြူစွတ်နေတဲ့ အသားရေနဲ့ အဝတ်အစား အကောင်းစားတွေကြောင့် ငွေရှိလူတန်းစားဆိုတာ ပြောနေစရာ မလိုပေ။ မထင်မှတ်ထားစွာ တစ်ခဏအတွင်း မှာ ပင် ...

"ခွပ် ... ခွပ် ... သည်းခံလို့ လူပါးဝတာ တောက် ..."

ကောင်လေးက တကယ်ကို လက်ရဲဆက်ရဲလေး လက်သီးနဲ့ ဆင့်ကာဆင့်ကာ ထိုးနေသည် ။ ဘေးနားက လူတွေကလည်း ဝင်မဆွဲရဲ။ ဆံထိုး မနေနိုင်သောကြောင့် ...

"ဟဲ့ တော်တော့ လက်လွန်မယ်"

"ဘယ်သူမို့ ခင်ဗျားက တားရတာလဲ ခင်ဗျားက ဘာမို့လို့ လဲ"

အာဏာ ဒေါသက ထွက်လာတာမို့ စိတ်ရှိလက်ရှိ ဟိုလူကိုလက်သီးနဲ့ ဆွဲထိုးနေချိန် သူ့ကိုတားလိုက်သော အသံကြောင့် မော့မကြည့်ဘဲ အော်ပစ်လိုက်သည် ။

"တို့ လမ်းသွားလို့ မရလို့ မင်းလည်း တော်တော့ လူဖြင့် ချာတိတ်

လေး ရှိသေးတယ်"

ချာတိတ်လေး ရှိသေးတယ်ဆိုသောအပြောကြောင့် အာဏာဒေါသ ထွက်စွာ မော့ကြည့်လိုက်တော့ မြင်လိုက်ရတဲ့ ပုံရိပ်လေးက နာရီလေး ကို ငုံ့ကြည့်ကာ နှုတ်ခမ်းလေး ပွစိပွစိနဲ့ ပြောနေပုံလေးက ကလေးလေး လို ချစ်စရာလေး။ ဒါပေမဲ့ သူမကသူ့ထက် အသက်ကြီးနိုင်သည် ။ ဘာ လို့ ဆိုသူ့ကို ချာတိတ်လို့ ပြောလိုက်တာကိုး။

"ဟိတ် ဘေးဖယ်ပေးလေ တို့ အလုပ် နောက်ကျတော့မယ်"

"ကျွန်တော့်ကို ဆရာလုပ်တာ ခင်ဗျားက ပထမဆုံးပဲ"

အာဏာ ဟိုလူကို လွှတ်ပေးကာ သူမနဲ့ စကားပြောလိုက်သည် ။"အဲ့ တော့ တို့ က ဘာလုပ်ရမှာ လဲ ဖယ်ပေး သွားစရာ ရှိသေးတယ်"

ဆံထိုး သူမသေချာ ကြည့်မိမှ ကောင်လေးက အရပ်တော်တော် ရှည် တာပဲ။ သူမရှေ့မှာ ကာရပ်ထားကာ လူကိုစူးစိုက်ကြည့် နေတာကြောင့် ဆံထိုး မနေတတ်တော့။

"ကောင်းပြီလေ မ သွားလေ ဒါပေမဲ့ မောင်နဲ့ ထပ်တွေ့မယ် ok ဘိုင့် ဘိုင်"

"ဘာ မင်း ဘယ်လိုခေါ်လိုက်တာ" ဆံထိုး ကောင်လေးကသူ့ကို မ ဟု ခေါ်လိုက်တာကြောင့် မျက်နှာပြင် တစ်ခုလုံး နီရဲကာ ဒေါသတွေထွက် လာမိသည် ။

"မ မောင့်ရဲ့ မ၊ မ ကြိုက်သည် ဖြစ်စေ မကြိုက်သည် ဖြစ်စေ ဒီတိုင်း ပဲမောင်က ခေါ်မှာ "

"တောက် ဖယ် ..."

ဆံထိုး သူ့ကိုယ်လုံးကိုတိုက်ကာ ထွက်လာခဲ့သည် ။ အာဏာ သူ့ကိုယ်လုံးကို တိုက်ကာ ထွက်သွားသော မ ကိုကြည့်ကာ ရယ်လိုက်မိသည် ။

"ထပ်တွေ့တာပေါ့ မ ကံကြမ္မာက မကို ကျွန်တော့်ဆီ ပို့ပေးပြီးပြီပဲ ကျွန်တော်တို့ ထပ်ဆုံဦးမှာ ပါ"

***